## ရိုဟင်ဂျာနိုင်ငံရေးအတိုင်ပင်ခံအင်အားစုတစ်ရပ် ပေါ်ပေါက်လာရေး ဦးဆောင်လှုပ်ရှားမှုအဖွဲ့ (ယာယီ)

## ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၆ မတ် ၂၀၂၄ ခုနှစ်

ကမ္ဘာတဝှမ်းမှ ရိုဟင်ဂျာအဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ရိုဟင်ဂျာအင်အားစုများ၊ ကဏ္ဍအသီးသီးမှ ရိုဟင်ဂျာအရေးတက်ကြွလှုပ်ရှားသူများနှင့် တသီးပုဂ္ဂလရိုဟင်ဂျာအသိပညာအတတ်ပညာရှင်များ စုပေါင်း၍ ညီညွတ်ပြီး အကျိုးသက်ရောက်မှုရှိသော ရိုဟင်ဂျာနိုင်ငံရေးအင်အားစုတစ်ရပ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရိုဟင်ဂျာနိုင်ငံရေးအင်အားစုတစ်ရပ်ပေါ်ပေါက်လာရေးဦးဆောင်လှုပ်ရှားမှုအဖွဲ့(ယာယီ)ကို ရိုဟင်ဂျာအရေးနိုင်ငံရေးသမားများ၊ရိုဟင်ဂျာအရေးတက်ကြွလှုပ်ရှားသူများ၊ ရိုဟင်ဂျာ အဖွဲ့အစည်းဝင်များ ၊လူငယ်မျိုး ဆက်သစ်များ၊ အမျိုးသမီးခေါင်းဆောင်များ၊ ရပ်ရွာလူထုအခြေပြုခေါင်းဆောင်များစုပေါင်း၍ ဖွဲ့စည်းလိုက်ကြောင်း အသိပေးအပ်ပါသည်။

မျက်မှောက်ခေတ် ရိုဟင်ဂျာတို့၏အခြေအနေ၊ မြန်မာနိုင်ငံရေးအခြေအနေနှင့် ဖြစ်ပေါ် နေသောဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများကြောင့်လည်းကောင်း၊ ရိုဟင်ဂျာလူမျိုးစုအရေးအား နယ်ပယ်အသီးသီးက အင်အားစုအသီးသီး ကိုယ်စားပြုမှုအစုံ အလင်နှင့်တကွပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ၊ ရိုဟင်ဂျာ များ၏ဘဝပေါ်သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက် ချသည့် ကဏ္ဍာတွင် ရိုဟင်ဂျာလူ ထုရဲ့အသံကို ကိုယ်စားပြုနိုင်ရန်သော်

လည်းကောင်း၊ ရိုဟင်ဂျာအင်အားစုအားလုံးပါဝင်သော နိုင်ငံရေးအင်အားစုကြီးတစ်ရပ်ပေါ် ပေါက်လာရန် ရိုဟင်ဂျာပြည်သူများကလည်း လိုလားလျက်ရှိနေသောကြောင့်လည်းကောင်း ဤသို့ရိုဟင်ဂျာနိုင်ငံရေးအင်အားစုတစ်ရပ်ပေါ်ပေါက်လာရေးဦးဆောင်လှုပ်ရှားမှုအဖွဲ့ (ယာယီ) ကို ဖွဲ့စည်းရခြင်းဖြစ်သည်။

ရိုဟင်ဂျာနိုင်ငံရေးအင်အားစုတစ်ရပ် ပေါ်ပေါက်လာရေး ဦးဆောင်လှုပ်ရှားမှုအဖွဲ့ (ယာယီ)ကို အဖွဲ့အစည်းပေါင်း (၈) ဖွဲ့ နှင့် လူပုဂ္ဂိုလ် (၂၅) ဦးဖြင့် ဖွဲ့စည်းထားပြီး အနယ်နယ်အရပ်ရပ်မှ ရိုဟင်ဂျာအရေးလှုပ်ရှားသည့်အဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များနှင့်တိုင် ပင်ဆွေးနွေးကာ ရိုဟင်ဂျာ ပြည်သူလူထုကိုကိုယ်စားပြုပြီးညီညွတ်သော ရိုဟင်ဂျာနိုင်ငံရေးအင်အားစုတစ်ရပ်ပေါ်ထွန်းလာ စေရန် ဆင့်ကဲဖြစ်စဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းမီဒီယာများဆက်သွယ်ရန် -**

၁။ ဦးဂျာဘဲတ်အလောမ်

(ဖုန်း +1 416 270 1026 ၊အီးမေးလ် jaivet.ealom@gmail.com)

၂။ ဒေါက်တာအဲမ်ဘီယားပဲရ်ဘိန်

(ဖုန်း +49 177 8080834 ၊အီးမေးလ် dr.ambia77@googlemail.com)

၃။ ဦးအောင်မြိုင်

(ဖုန်း +880 181 1499 656 ၊အီးမေးလ် aungmyaing.mdw.@gmail.com)